## အမေ့အသံ အမေ့ဟန်

* အမေ မရှိလေမှ
အမေ၏ အိမ်ဂေဟာသို့
ကြိမ်ခါခါ ကျွန်တော်ရောက်ပါရဲ့
ရောက်တိုင်းသာ ဖြေမရှင်ဘု
ရွှေဘဝင် နေမင်းဆမ်းသည့်သို့
အလွမ်းရင့်လို့ ပန်းမြင့်မိုရ်။

* မန်ကျည်းပင်ကလေးတွေနဲ့
ဆီးပင်လေးတွေ ညိုတညိုပေါ့
ဘိုကရို ထုံးနှောင်မသနိုင်တဲ့
လုံမငယ် ပုံပမာကွဲ့
မိုးတန်ညှာ အခက်ကျဲတွေကြောင့်
မက်စွဲစရာ အရိပ်ကလေးကလည်း
သိပ်မအေး ပူရှာပြီထင့်
လှူလာလျှင် ကြိုမဆီးတော့ပြီဘူး
ငိုညည်း မည့်လို့...။

* ဟော... ကြည့်စမ်းလေ
အမေထိုင်နေကျ တန်းလျားကလေး
အလွမ်းသမားလေးလို တစ်ကိုယ်တည်းသာပ
ထိုခရီး အမေမသွားခင်က
သည်နားမှာ လွန်စိုပြေ(ပြည်)ခဲ့
"တိုရင်တွေ ကြွပါဘုရား"
"ဦးဇင်းတွေ ကြွပါဘုရား"
အမေ့စကားသံ တချို့ချို့နဲ့
နေ့စဉ်လို ဆွမ်းလှူဒါန်းပါခဲ့
ရေနွေးကြမ်း ထန်လျက်ချို
လက်ဖက်စိုနဲ့ နှမ်းဆီမွှေး။
လာသမျှလူကိုဖြင့် အမေကျွေး။

* ဪ... ဆောင်းတစ်ရက်ဆီက
ပြောင်းသက်ကာ ခန္ဓာကြွေလို့
မွေးမေမေ ဘဝခြားသော်လည်း
အမေ့စကား အမေ့အသံနဲ့
အမေ့ဟန် အမေ့အသွင်ကလေးတွေဖြင့်
နေ့စဉ်တွေး ပူဇော်ပိုခဲ့
"သည်အချိန်ဆို ဆွမ်းချက်ပြီ
သည်အချိန်ဆို ဘုရားဝတ်ပြုပြီ
သည်အချိန်ဆို ဆွမ်းလောင်းပြီ..."
အတိတ်ဆီ စိတ်ပန်းချီမွှမ်းပါလို့
လွမ်းလှတယ်လေး။ ။

မေတ္တာစမ်းရေမဂ္ဂဇင်း -
(၂၀၁၀ ခုနှစ်၊ ဧပြီလ)